# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com


# Weekly Political Events Regarding the SPDC's Post Election (044/2010)

# နအဖရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၄/၂၀၁၀)

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့မှ နိုဝင်ဘာလ (၂၇) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများ သည် ရွေးကောက်ပွဲတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ **NUP** ၏ စပါးနှံတံဆိပ်ကို မဲပေးမှုများခဲ့သဖြင့် လက်ရှိဖောက်လုပ်နေသော ရထားလမ်းသစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်သွားတော့မည်မဟုတ်ဟု အာဏာပိုင်အချို့ကပြောဆိုကြောင်း ဒေသခံများကပြောသည်။ **(KIC 241110)** Read More…

## (ခ) ရွေးကောက်ပွဲကော်မရှင်

- ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် ရွေးကောက်ပွဲကော်မရှင်မှရွေးကောက်ပွဲကာလအတွင်း ကျေးရွာရယကဥက္ကဋ္ဌများနှင့် ရယက စာရေးများအသုံးပြုခဲ့သောငွေများကို ပြန်လည်ပေးဆပ်ရန်ပျက်ကွက်နေသဖြင့် ရယကများကြွေးတင်ပြီးဒုက္ခရောက်နေရသည်ဟု ရယကဥက္ကဋ္ဌတစ်ဦးကပြောသည်။ **(Narinjara 221110)** Read More…

## (ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပဲခူးတိုင်း မင်းလှမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို မဲထည့်လျှင်မိမိစိုက်ချင်သည့် သီးနှံများကိုစိုက်ခွင့်ပေးမည်ဟုဆိုကာ စည်းရုံးဟောပြောခဲ့သော်လည်း ရွေးကောက်ပွဲပြီးနောက် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် အာဏာပိုင်များကနွေစပါးအတင်းစိုက်ခိုင်းနေသည်ဟု မင်းလှမြို့နယ်လယ်သမားတစ်ဦးကပြောသည်။ **(DVB 221110)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် ကြိုတင်မဲမသမာမှုများဖြင့် အနိုင်ရခြင်းကို နိုဝင်ဘာလ ၂၀ ရက်နေ့ထုတ် စစ်အစိုးရပိုင်ကြေးမုံသတင်းစာတွင် ဆောင်ပါးရှင်တစ်ဦးက ဖုံးကွယ်ရေးသားသည့်အနေဖြင့် မဲဆန္ဒရှင်များ၏ နှလုံးသားနှင့်ဦးနှောက်မှ စဉ်းစားပြီးမဲပေးသဖြင့် အနိုင်ရရှိခြင်းဖြစ်ကြောင်းနှင့်ကြိုတင်မဲများသည် ဥပဒေနှင့်အညီဖြစ်ကြောင်းရေးသားထားသည်။ **(BBC 231110)** Read More...



pdfMachine
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ဝန်ကြီးချုပ်ခရီးစဉ်နှင့်အတူ လိုက်ပါလာသည့် ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့/ဆက် ဝန်ကြီး ဦးသိန်းဆွေတို့သည် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** နှင့်တွေ့ ဆုံဆွေးနွေးခဲ့ရာ ဒေသန္တရဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ရန် ကမ်းလှမ်းခဲ့ကြောင်း **RNDP** ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။ **(VOA 241110)** **Read More...**
- ချင်းပြည်နယ်တွင် နိုဝင်ဘာ ၇ ရက်နေ့၌ ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ခေါင်းဆောင်များကို မဲမပေးသော ကျေးရွာအုပ်စုများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြံ့ဖွံ့ပါတီခေါင်းဆောင်များကပြောဆိုသည်ဟု ဖလမ်းမြို့ခံတစ်ဦးကပြောသည်။ **(Khonumthung 251110)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မွန္တလေးတိုင်းအတွင်းရှိ မြို့နယ်ရုံးခွဲများမှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာသည့်နောက်ပိုင်းတွင် ပါတီလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန်ဟုဆိုကာ တိုင်းရုံးသို့ပြန်လည်ဆက်သွယ်လာသောကြောင့် လုပ်ငန်းများအား အရှိန်တိုးမြှင့် လုပ်ဆောင်သွားမည်ဟု အဖွဲ့ချုပ်တိုင်းရုံး ပြန်ကြားရေးတာဝန်ခံ ဦးမျိုးနိုင်ကပြောသည်။ **(VOA 211110)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်၏ သားငယ်ကိုထိန်းလင်း ခေါ် **Kim Eris** ကို ယနေ့အချိန်ထိ ပြည်ဝင်ခွင့်ဗီဇာထုတ်မပေးခြင်းသည် လူသားချင်းစာနာမှုကင်းမဲ့သည့် လုပ်ရပ်ဖြစ်ရုံသာမက နိုင်ငံရေးတိုးတက်ရန်အတွက် သူမ၏ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီးမျှော်လင့်ချက်များကိုထိခိုက်စေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝင်းတင်ကပြောသည်။ **(RFA 211110)** **Read More...**
- လူငယ်များ၏ နိုင်ငံရေးလှုပ်ရှားမှုများကို ဦးစားပေးဖော်ဆောင်လိုသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များသည် အစည်းအဝေးတက်ရောက်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အဖွဲ့ချုပ်ဝင်လူငယ် ၁ ရာကျော် ရန်ကုန်မြို့သို့ရောက်ရှိလာသည်ဟု ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ **(RFA 211110)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်ရေးရာ ခေါင်းဆောင်များနှင့် တွေ့ဆုံရာ၌ လူငယ်များအနေဖြင့် နိုင်ငံရေးစိတ်ဓါတ် နိုးကြားကြရန်နှင့်လူငယ်များအကြား ပိုမိုထိရောက်သည့် ဆက်သွယ်ရေးလမ်းကြောင်း ထားရှိရေးကိစ္စများကို အလေးထားပြောကြားခဲ့သည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ကပြောသည်။ **(VOA 221110)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များ ဦးစီးစောင့်ရှောက်နေသည့် ဝေဒနာရှင်များကို အကူအညီပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ မေတ္တာရပ်ခံသည့် အစည်းအဝေးတစ်ရပ်ကို နိုဝင်ဘာလ ၂၂ ရက်နေ့၌ ရန်ကုန်မြို့ ရွှေဂုံတိုင် ဒဂုံတာဝါတွင် ရွေးကောက်ပွဲဝင် တသီးပုဂ္ဂလအမတ်များက ပြုလုပ်ကျင်းပခဲ့သည်။ **(RFA 221110)** **Read More...**
- မန္တလေးတိုင်း မိတ္ထီလာ၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင် ၅၀ဦးက သာစည်မြို့နယ်ရှိ ၁၉၉၀ ရွေးကောက်ခံအမတ် ဦးသိန်းမောင်၏နေအိမ်တွင် သံဃာတော်များအားဆွမ်းကပ်ကာပြည်သူများပါဝင်သည့် နိုင်ငံရေးလမ်းကြောင်း ဖော်ဆောင်ရေးအတွက် အဖွဲ့ချုပ်ဝင်များက ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခဲ့ကြသည်။ **(DVB 221110)** **Read More...**
- မြန်မာပြည်သူများအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ၂၁ ရာစု ဒုတိယ ပင်လုံညီလာခံအောင်မြင်ရေးအတွက် တော်လှန်ရေးစိတ်ဓာတ်မွေးမြူပြီး ဆုံးခန်းတိုင်သည်အထိ နိုင်ငံရေးကိုလုပ်ဆောင်ရမည်ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုလိုက်သည်။ **(Irrawaddy 221110)** **Read More…**



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီရပ်တည်ခွင့်နှင့် ပြည်သူများ၏ ထောက်ခံမှုများရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခင်ကထက် မတူပဲလူငယ်များအပါအဝင် ပြည်သူများသည် နိုင်ငံရေးကိစ္စများတွင် လုပ်ရဲကိုင်ရဲရှိလာသည်ဟုပြောဆိုလိုက်သည်။ **(RFA 231110)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရပ်တည်ခွင့်ကို နေပြည်တော်တရားရုံးချုပ်က ပယ်ချလိုက်သော်လည်း ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားရန်ရှိပြီး အဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်ထံသို့ တရားဝင်အကြောင်းပြန်ခြင်းမရှိသေးကြောင်း ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 231110)** **Read More...**
- တနင်္သာရီတိုင်း မြိတ်မြို့ရှိ သာသနာ့ပါလကျောင်းတွင် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင် ၅၀ က ဒေါ်အောင်ဆန်းစုကြည်အပေါ် အန္တရာယ်ဆိုးများ မကျရောက်စေရေးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးတို့အတွက် ရည်စူးပြီးဆွမ်းကပ်ဆုတောင်းခဲ့ကြသည်ဟု မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးစိုးလွင်ကပြောသည်။ **(DVB 231110)** **Read More...**
- ပြည်နယ်နှင့်တိုင်းအသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အမျိုးသမီးအဖွဲ့ဝင်များနှင့် ဗဟိုအမျိုးသမီးအထောက်အကူပြုအဖွဲ့ဝင်တို့သည် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးခဲ့ရာ ရခိုင်ပြည်နယ်မှ ဂီရိမုန်တိုင်းဒဏ်သင့် ဒုက္ခသည်များ၏ ပြဿနာ၊ လူကုန်ကူးမှု ပြဿနာ၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး၊ အင်္ဂါဝတ်ပြု ဆုတောင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအားဆွေးနွေးခဲ့ကြကြောင်း ဒေါက်တာမေဝင်းမြင့်ကပြောသည်။ **(BBC 241110)** **Read More...**
- အစဉ်အလာ ကြီးမားသည့် အိန္ဒိယနိုင်ငံသည် မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းမှုများအပေါ်အားပေးထောက်ခံမှုမျိုးမရှိသည့်အတွက် စိတ်မကောင်းဖြစ်ရသည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အိန္ဒိယနိုင်ငံနယူးဒေလီထုတ် **India Express** သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင်ပြောကြားလိုက်သည်။ **(RFA 241110)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** စည်းရုံးရေးကော်မတီဝင် ဒေါ်ညိုအေး၊ ကိုစိုးလေး၊ ဦးသိန်းလှိုင်တို့နှင့် သီးခြားတွေ့ဆုံပြီး ဂီရိမုန်တိုင်းကယ်ဆယ်ရေးအတွက် အဖွဲ့ချုပ်မှအလှူငွေ ၃၉ သိန်း လှူဒါန်းလိုက်သည်ဟု အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ **(DVB 241110)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစု ဒုတိယ ပင်လုံညီလာခံ ခေါ်ယူရေးအစီအစဉ်မှာ အချိန်စောနေသေးကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** မှ ရှမ်းတောင်ပိုင်းတာဝန်ခံစဝ်ယွမ်းပိုင်ကဝေဖန်လိုက်သည်။ **(Mizzima 241110)** **Read More…**
- ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ခေါင်းဆောင်များ၊ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီမှခေါင်းဆောင်များသည် နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက် ၁၀ နာရီခွဲခန့်က ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် တွေ့ဆုံဆွေးနွေးရာတွင် ခိုင်မာသည့်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းလာရန် နိုင်ငံရေးပါတီအားလုံးအတူလက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေး၊ လူမှုရေးလုပ်ငန်းများမှ တူညီသည့်လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်ဟု **NLD** ဗဟိုအလုပ်အမှုဆောင်ဦးအုန်းကြိုင်ကပြောသည်။ **(Irrawaddy 251110)** **Read More ...** **(DVB 251110)** **Read More...**
- စစ်ခေါင်းဆောင်များအား နိုင်ငံတကာရာဇဝတ်မှုခုံရုံးတွင် တရားစွဲဆိုရေး ဆောင်ရွက်ချက်ကို ဒေါ်အောင်ဆန်းစုကြည်က မထောက်ခံဟု နယူးယောက်တိုင်းမ်စ်သတင်းစာ၌ ရေးသားထားမှုသည် မှားယွင်းကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောသည်။ **(Irrawaddy 261110)** **Read More...**, **Mizzima**
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** အဖွဲ့ဝင် ၁၂ ဦးတို့သည် ဒုတိယပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် နိုဝင်ဘာလ ၂၆ ရက်နေ့ကတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဦးအေးသာအောင်ကပြောသည်။ **(Irrawaddy 261110)** **Read More...**
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်မှဒီမိုကရေစီအရေးတက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည့် ရခိုင်လူငယ် ၆ ဦးနှင့် တွေ့ဆုံလိုသည်ဟု ပြောဆိုကြောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခွင့်ရခဲ့သည့် ရခိုင်အမျိုးသမီးမပံသုစံကပြောသည်။ **(Narinjara 271110)** **Read More...**



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ခ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) **AAPP(B)** ၏ ထုတ်ပြန်သည့် ကြေညာချက်တွင် အကျဉ်းကျခံရဆဲ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကို နိုင်ငံတကာအနေဖြင့် ဆက်လက်တွန်းအားပေးရန် တောင်းဆိုလိုက်သည်ဟု **AAPP(B)** အတွင်းရေးမှူး ကိုဘိုကြည်ကပြောသည်။ **(BBC 241110)** [Read More...]

## (ဂ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- နိုဝင်ဘာလ ၁၇ ရက်နေ့က မိုးနဲနှင့် လင်းခေးအကြား ပန်ဆတ်အခြေစိုက် အမြောက်တပ်မှ တပ်ရင်းမှူးနှင့်ဇနီးအပါအဝင် နောက် လိုက်နောက်ပါ ၅ ဦးသည် လင်းခေးမြို့မှ ဈေးဝယ်အပြန်လမ်းတွင် သျှမ်းပြည်တပ်မတော် **SSA** တောင်ပိုင်း တပ်ဖွဲ့မှ ခြုံခို တိုက်ခိုက်ခဲ့ရာ ကားတစ်စီးလုံးချောက်ထဲကျခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၂၃ ရက်နေ့တွင်လည်း ပုန်ပါကျင်မြို့နယ်အတွင်း (၂) နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ၂ ဦးသေဆုံး၊ ၂ ဦးဒဏ်ရာခဲ့ကာ **SSA** ဘက်မှ ၁ ဦးဒဏ်ရာ ရရှိခဲ့သည်။ **(S.H.A.N 241110)** [Read More…]

## (ဃ) ပြည်ပအင်အားစုများ

- ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (ဂျပန်ဌာနခွဲ) တို့က ဦးဆောင်ပြီး နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှုတစ်ခုအဖြစ် ဂျပန်နိုင်ငံတိုကျိုမြို့ ဂျပန် သံရုံးရှေ့တွင်သွားရောက်ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ **(DVB 221110)** [Read More...]
- ၂၁ ရာစု ပင်လုံညီလာခံ အမြန်ဆုံးအကောင်အထည်ပေါ်လာရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းမှပူးပေါင်းဆောင်ရွက်ကြရန် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့က တိုက်တွန်းလိုက်ကြောင်းအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဒေါ်ခင်ဥမ္မာကပြောသည်။ **(Mizzima 261110)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- မြန်မာစစ်အစိုးရ ထိန်းချုပ်မှုအောက်ရှိ မြစ်ကြီးနား ဆက်ဆံရေးရုံး၊ ဘူးဂါးကုမ္ပဏီရုံး၊ ဘူးဂါးလျှပ်စစ်ရုံး သုံးခုမှလွဲ၍ ကျန်သည့် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** ဆက်ဆံရေးရုံးအားလုံး ရုပ်သိမ်းရန် နိုဝင်ဘာလ ၂၀ရက်နေ့တွင် **KIO** ဗဟိုကော်မတီမှ အမိန့်ထုတ်ပြန်လိုက်သည်ဟု အမည်အဖော်လိုသည့် **KIO** အရာရှိကြီးတစ်ဦးကပြောသည်။ **(KNG 221110)** [Read More…], [Mizzima]
- ကချင်လွတ်မြောက်ရေးတပ်မတော် **KIO** ၏ တပ်ရင်းအဆင့်၊ တပ်မဟာအဆင့်ရုံးများတွင် စစ်အစိုးရနှင့် ဆက်ဆံမှုများ မရှိတော့သည့်အတွက် ဗဟိုကိုယ်စားလှယ်ရုံးမှလွဲ၍ ကျန်ဆက်သွယ်ရေးရုံးများကို ပြန်လည်ရုပ်သိမ်းရန်စီစဉ်နေသည်ဟု ဒု–စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်ကပြောသည်။ **(BBC 231110)** [Read More...]
- နယ်ခြားစောင့်တပ် လက်မခံသည့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ (၅) ထိန်းချုပ်ရာနယ်မြေဝေါ်လေဒေသရှိ ဘုန်းတော်ကြီးကျောင်းများကို နအဖစစ်တပ်မှကထိန်ပွဲကျင်းပခွင့်မပြုသည့်အပြင် ဘုန်းတော်ကြီးများကို ကျောင်းမှမောင်းထုတ်နေသည်ဟု **DKBA** တပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။ **(RFA 231110)** [Read More...]
- ရှမ်းပြည်မြောက်ပိုင်း ဝနယ်တွင် နိုဝင်ဘာ ၁၀ ရက်နေ့မှစတင်ကာ နော်ဝေးအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံ၏ထပ်ဆင့်လွှင့်ရုပ်သံလိုင်းကို ပန်ဆန်းဌာနချုပ်ရှိ ဝပြည်နယ် ပြန်ကြားရေးဌာနမှထုတ်လွှင့်ပေးခဲ့သည်ဟု ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** အရာရှိတစ်ဦးကပြောသည်။ **(DVB 241110)** [Read More...]



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ထိုင်းနိုင်ငံ တာ့ခရိုင်ဝန်မှ ပြောဆိုသည့် ထိုင်းနယ်စပ် ကုန်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်များကျဆင်းရခြင်းသည် စစ်အစိုးရမှစွပ်စွဲပြောဆိုသကဲ့သို့ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** ၏ လုပ်ဆောင်မှုများကြောင့်ဖြစ်သည်ဆိုသည့်အပေါ် နယ်ခြားစောင့်အသွင်ပြောင်းရေးလက်မခံသည့် **DKBA** ခေါင်းဆောင်ဗိုလ်မှူးချုပ်နှုပ်ခမ်းမွှေးကပြန်လည်ငြင်းဆိုလိုက်သည်။ **(DVB 241110)** [Read More...]
- အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု–သျှမ်းပြည်အရှေ့ပိုင်း **NDAA-ESS** မိုင်းလားအထူးဒေသ(၄)နှင့်သျှမ်းအရှေ့မြို့တော်ကျိုင်းတုံသို့ဆက်သွယ်ထားသော နမ့်လွေမြစ်တံတား တာ့ပင်းနယ်ခြားဂိတ်ကို နအဖဘက်မှပိတ်လိုက်ကြောင်း ကျိုင်းတုံကားသမားတစ်ဦးကပြောသည်။ **(S.H.A.N 241110)** [Read More…]
- ကချင်လွတ်လပ်ရေးအဖွဲ့(**KIO**) ထိန်းချုပ်ရာ လိုင်ဇာဒေသမှတဆင့် တရုတ်ကုန်ပစ္စည်းများကချင်ပြည်နယ်အတွင်းသို့တင်ပို့ခွင့်ကို စစ်အစိုးရမှပိတ်လိုက်ခြင်းသည် စီးပွားရေးအရပိတ်ဆို့ခြင်းဖြစ်နိုင်သည်ဟု **KIO** ဒု–နိုင်ငံခြားရေး တာဝန်ခံ ဗိုလ်မှူးကြီးဂျိမ်းစ်လွမ်းဒေါင်ကပြောသည်။ **(Irrawaddy 261110)** [Read More...]
- ကရင်ပြည်နယ် မြဝတီမြို့ တောင်ဘက်တွင် လှုပ်ရှားနေသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** တပ်ဖွဲ့ဝင်များကို နှိမ်နင်းရန်အတွက် ခဲယမ်းမီးကျောက်များ၊ ရိက္ခာကားများ၊ လမ်းဖောက်ကားများနှင့် လုံခြုံရေးအတွက်လိုက်ပါလာသည့် နအဖ စစ်တပ် ခလရ ၆၁ နှင့် ခမရ ၂၃၀ တပ်ရင်း ၂ ရင်းအား **DKBA** မှ ဗိုလ်ကျော်သက်အဖွဲ့က နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ခြုံခိုတိုက်ခိုက်ခဲ့သည်။ **(BBC 271110)** [Read More...]

## နယ်ခြားစောင့်တပ်အသွင်ပြောင်းခဲ့သည့်အဖွဲ့များ

- မြဝတီမြို့တွင် မြန်မာစစ်အစိုးရတပ်နှင့် ဗိုလ်ချစ်သူဦးဆောင်သည့် **DKBA** နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များက ဗိုလ်မှူးချုပ်စောလားပွယ် (ခေါ်) ဗိုလ်နှုပ်ခမ်းမွှေးနှင့် ပတ်သက်သည့်နေအိမ်များကို လိုက်လံစစ်ဆေးနေသည်ဟု မျက်မြင်တွေ့ခဲ့သည့် မြဝတီမြို့ခံတစ်ဦးကပြောသည်။ **(NMG 241110)** [Read More…]
- မြဝတီမြို့နယ်၊ ရွှေကုက္ကိုကျေးရွာတွင် အခြေစိုက်သည့် နယ်ခြားစောင့်တပ်ရင်း (၁၀၁၈)မှ ဗိုလ်အဆင့်ရှိသူပိုးကရင် အဆိုတော်ထူ့လွီးအွာသည် နိုဝင်ဘာလ ၂၂ရက်နေ့တွင် တပည့်ရဲဘော်တစ်ဦး၏ ပစ်သတ်ခံရပြီး သေဆုံးသွားခဲ့သည်ဟု အမည်မဖော်လိုသူ နယ်ခြားစောင့်တပ်မှူးတစ်ဦးကပြောသည်။ **(KIC 261110)** [Read More...]

## နိုင်ငံရေးပါတီများ

## ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** အနိုင်ရရှိထားသောမြောက်ဥက္ကလာပမြို့နယ်နှင့်သင်္ဃန်းကျွန်း မြို့နယ်များကို အာဏာပိုင်များကအမည်းရောင်နယ်မြေအဖြစ် သတ်မှတ်ထားသည်ဟု **NDF** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်ကပြောသည်။ **(Irrawaddy 221110)** [Read More…]
- ၂၀၁၀ ရွေးကောက်ပွဲ မဲမသမာမှုများကို ကိုယ်စားလှယ်လောင်းများက မဲဆန္ဒရှင်များနှင့်လက်တွဲ၍ ဖော်ထုတ်သွားမည်ဖြစ်သည်ဟု ပါတီခေါင်းဆောင်များကပြောဆိုလိုက်သည်။ **(Irrawaddy 221110)** [Read More…]
- ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ **PSDP** က နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအားလုံးကို အခြေခံမူဝါဒလမ်းစဉ်ချင်းတူညီပါက လူထုအကျိုးအတွက် လက်တွဲဆောင်ရွက်ရန် ဆန္ဒရှိသည်ဟု **PSDP** တာဝန်ရှိသူတစ်ဦးက ပြောဆိုလိုက်သည်။ **(KIC 221110)** [Read More…]
- သျှမ်းပြည်မြောက်ပိုင်း သိန္နီမြို့နယ် မိုင်းပါးကျေးရွာအုပ်စုရှိ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ဝင်များအား သျှမ်းသူပုန်နှင့်အစည်းအဝေး ပြုလုပ်သည်ဟုစွပ်စွဲကာ စရဖ တပ်ကြပ်ကြီးနှင့်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်ပြီး ရိုက်နှက်စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့သည်ဟု သိန္နီသားတစ်ဦးကပြောသည်။ **(S.H.A.N 221110)** [Read More…]



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ပြည်ထောင်စု ဒီမိုကရေစီပါတီ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်သော ဦးသိန်းဌေးက ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုကိုခံယူကာ လူထုအကျိုးပြုလုပ်ငန်းများကိုလုပ်ကိုင်သွားမည်ဟု ပြောကြားလိုက်သည်။ **(Mizzima 231110)** Read More…
- အမတ်နေရာ ၆၄ နေရာရရှိထားသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)က အမျိုးသားရင်ကြားစေ့ရေးကိစ္စအပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို နိုင်ငံရေးပါတီတိုင်းနှင့် လက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိသည်ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးဟန်ရွှေကပြောသည်။ **(VOA 241110)** Read More... **(BBC 261110)** Read More...
- ရန်ကုန်တိုင်း ခရမ်း၊ သုံးခွနှင့် ကိုကိုကျွန်း မြို့နယ် ၃ ခုမှ အမျိုးသားလွှတ်တော်အတွက် ဝင်အရွေးခံခဲ့သည် အမျိုးသားဒီမိုကရေစီအင်အားစု အမတ်လောင်း ရှေနေ့ ဦးသိန်းဇော်ညွန့်က သုံးခွမြို့နယ် မဲရုံအမှတ် ၉ တွင် ကြုံတွေ့ခဲ့ရသော မဲလိမ်မှု၊ ပယ်မဲလုပ်မှုနှင့် မဲရုံစောင့်သူများ၏ မဖွယ်မရာပြုမှု စသည်တို့ကို ရွေးကောက်ပွဲကော်မရှင်၏ပုဒ်မများဖြင့် မဲမသမာမှုများကို သက်သေပြတရားစွဲဆိုလိုက်သည်။ **(RFA 241110)** Read More...
- ရွေးကောက်ပွဲအပြီး ရက်ပေါင်း ၉၀ အတွင်း လွှတ်တော် စတင်ခေါ်ယူရလျှင် အနိုင်ရဒီမိုကရက်တစ်အင်အားစုအမတ်များနှင့်တိုင်းရင်းသားအမတ်များ၏ ၁၅ ရာခိုင်နှုန်းဖြင့် လွှတ်တော်အတွင်းနိုင်ငံရေးအရပုံဖော်နိုင်ခြင်းမရှိနိုင်ဟု ပါတီခေါင်းဆောင်များနှင့် အမတ်လောင်းအသီးသီးကဝေဖန်ပြောဆိုလိုက်သည်။ **(DVB 241110) R**ead More...
- ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) က ဒေါ်အောင်ဆန်းစုကြည်၏ အသံလွှင့်သွားသည့် အချက်များအားလုံးကိုသဘောတူသော်လည်း ဒုတိယပင်လုံညီလာခံ ခေါ်ယူရေးကိစ္စကို ဦးစားမပေးရန် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံစဉ် အကြံပြုခဲ့သည်ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေကပြောသည်။ **(BBC 251110)** Read More...
- ရွေးကောက်ပွဲတွင် နေရာအနည်းငယ်သာ အနိုင်ရခဲ့သော တိုင်းရင်းသားပါတီ ခေါင်းဆောင်များက ပေါ်ပေါက်လာမည့် လွှတ်တော်အတွင်း ရသလောက် အခြေအနေတွင် ဝင်ရောက်ပြောဆို ဆွေးနွေးမည်ဖြစ်ပြီး ရွေးကောက်ပွဲ မဲမသမာမှုများအပေါ်လည်း ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်ဟု ရခိုင်တိုင်းရင်သားများတိုးတက်ရေးပါတီ **RNDP** ဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။ **(Irrawaddy 251110)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ရွေးကောက်ပွဲတွင် အနိုင်ရထားသော တိုင်းရင်းသားပါတီကိုယ်စားလှယ်များအား ၎င်းတို့နှင့် ပူးပေါင်းရန် လိုက်လံစည်းရုံးနေသော်လည်း ဒီမိုကရေစီစနစ်မကျသဖြင့် မပူးပေါင်းနိုင်ကြောင်း ချင်းတိုးတက်ရေးပါတီ **CPP** ဥက္ကဋ္ဌ ဦးလုံစီကပြောသည်။ **(Irrawaddy 251110)** Read More...
- ရွေးကောက်ပွဲကော်မရှင် ရုံးခန်းများအတွင်း မမှန်မကန် လုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် **UMFNP** နှင့် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီတို့က သက်ဆိုင်ရာရဲစခန်းများတွင်ပြစ်မှုဆိုင်ရာ ဥပဒေအရ တရားစွဲဆိုနေပြီဖြစ်ကြောင်း **UMFNP** ပါတီခေါင်းဆောင်ဦးအေးလွင်ကပြောသည်။ **(Irrawaddy 251110)** Read More... ။ **(BBC 211110)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- စစ်အစိုးရဘက်မှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်း သတင်းများကို ၄င်းပိုင် သတင်းမီဒီယာများနှင့် ပုဂ္ဂလိကစာနယ်ဇင်းတို့တွင် ဝေဝေဆာဆာဖော်ပြခွင့် ပြုလာသော်လည်း ယခင်အတွေ့အကြုံများအရ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ဒီမိုကရေစီရေးအတွက် သံသယရှိစရာဖြစ်နေသည်ဟု ရန်ကုန်မြို့ရှိ ကာတွန်းဆရာအော်ပီကျယ်ကပြောသည်။ **(RFA 211110)** Read More...
- နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကိုထွန်းနေ (ခေါ်) လူငယ်တစ်ဦးက အမြန်ဆုံးတွေ့ဆုံး ဆွေးနွေးရေးပြုလုပ်ရန် ပိုစတာဆိုင်းဘုတ်ကို မော်တော်ဆိုင်ကယ်တွင်ထောင်ပြီး ရခိုင်ပြည်နယ် ဇေတယရွာမှ ကျောက်ဖြူမြို့အထိတစ်ကိုယ်တော် ချီတက်ဆန္ဒပြခဲ့သဖြင့် အာဏာပိုင်များက ဖမ်းဆီးချုပ်နှောင်ထားကြောင်း မျက်မြင်သက်သေဒေသခံတစ်ဦးကပြောသည်။ **(DVB 261110)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ကြောင်း ထောင်တွင်းတွင် ကြေညာချက်ထုတ်ပြန်မှုကြောင့် ကလေးမြို့အကျဉ်းထောင်၌ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ဦးအုံးသန်းကို နိုဝင်ဘာလ ၂၆ ရက်နေ့က ပူတာအိုထောင်သို့ပို့ဆောင်လိုက်ကြောင်း မိသားစုဝင်တစ်ဦးကပြောသည်။ **(VOA 261110)** Read More...



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ကုန်စျေးနှုန်းကျဆင်းရေး ဆန္ဒပြသည့် နိုင်ငံရေးအကျဉ်းသား ကိုထင်ကျော်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီး မြန်မာ့အရေးကိုဖြေရှင်းရန် အကျဉ်းထောင်တွင်းမှ မေတ္တာရပ်ခံတိုက်တွန်းလိုက်သည်။ **(RFA 271110)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- ဒေါ်အောင်ဆန်းစုကြည်၏ သတင်းဖော်ပြခဲ့မှုနှင့်ပတ်သက်၍ စာပေစိစစ်ရေးရုံးက **Hot News** ဂျာနယ်၊ **First Eleven**၊ အားကစား ဂျာနယ်များကို ထုတ်ဝေခွင့် ၂ ပါတ်နှင့် **Seven Days**၊ **Venus New**၊ **Myanmar Newsweek**၊ **Myanmar Post** နှင့် **The Voice** စသည့်ဂျာနယ်များကို ထုတ်ဝေခွင့် (၁) ပတ် အသီးသီးပိတ်လိုက်သည်။ **(BBC 211110)** **Read More...**
- မြန်မာ့စာနယ်ဇင်းလောကတွင် ပြည်တွင်းဂျာနယ် ၉ ခုကို တပြိုင်နက် ပိတ်ပင်လိုက်ခြင်းသည် ပေါ်ပေါက်လာမည့် ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း နဂိုမူလ စာပေစိစစ်ရေးနှင့်သာ ဆက်လက်နစ်ပါးသွားရန် သေချာသွားသည်ဟု ဝါရင့်သတင်းဂျာနယ် အယ်ဒီတာတစ်ဦးကပြောသည်။ **(DVB 221110)** **Read More...**
- စစ်အစိုးရ၏ အဓိက အင်တာနက်ဆာဗာဖြစ်သည့် ရတနာပုံ တယ်လီပို့နှင့် အင်တာနက် သတင်းမီးဒီယာ တစ်ခုဖြစ်သည့် ကြေးမုံအင်တာနက် သတင်းစာမျက်နှာတို့ကို နိုဝင်ဘာ ၂၂ ရက်နေ့ည ၁၂ နာရီကျော်က အတိုက်အခိုက်ခံလိုရပြီး ဟက်ကာက ဒေါ်အောင်ဆန်းစုကြည်ပုံနှင့် မိန့်ခွန်းကောက်နုတ်ချက်များကိုတင်ထားခဲ့သည်။ **(RFA 231110)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဘက် နိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် အာစီယံနိုင်ငံများအနေဖြင့် မြန်မာစစ်အစိုးရအား ထောက်ခံမှုပေးနေမှုကိုရပ်တန့်ပြီး မြန်မာနိုင်ငံတွင်အပြုသဘောဆောင်သည့်အပြောင်းအလဲများဖြစ်ထွန်းလာရန်အတွက် ဖိအားပေးကြပါရန် ဥရောပပါလီမန်အမတ်များကတောင်းဆိုလိုက်သည်။ **(RFA 261110)** **Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဗီဂျေးနမ်ဘီးယားတို့သည် နိုဝင်ဘာလ ၂၇ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်တွင် မြန်မာ့အရေးဆွေးနွေးခဲ့ကြသည်။ **(RFA 271110)** **Read More...**
- ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေး နမ်ဘီးယားသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အတိုက်အခံနိုင်ငံရေးပါတီအချို့နှင့် နိုဝင်ဘာလ ၂၇ ရက်နေ့တွင်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(VOA 271110)** **Read More...**

### (ခ) အစိုးရများ

- ဖိလစ်ပိုင်သမ္မတ ဘီနစ်နို အကွီနို **(Benigno Aquino)** သည် မြန်မာ့ဒီမိုကရေစီရေးအတွက် ဆက်လက်ထောက်ခံသွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် နိုဝင်ဘာလ ၂၂ ရက်နေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် တယ်လီဖုန်းဖြင့်တိုက်ရိုက်ဆက်သွယ်ပြောကြားခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ကပြောသည်။ **(RFA/VOA 221110)** **Read More...**
- အိန္ဒိယနိုင်ငံ ရုပ်မြင် သံကြား လိုင်းအမှတ် (၁၈) နှင့် နိုဝင်ဘာလ ၂၂ ရက်နေ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် **Mrs. Nirupama Rao** က ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံ၏ရင်းနှီးမှုသည် ခိုင်ခိုင်မြဲမြဲရှိကာ ခွဲခြားလို့မရနိုင်ကြောင်းပြောဆိုလိုက်သည်။ **(RFA 221110)** **Read More...**



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- အိန္ဒိယလူ့အခွင့်အရေးအဖွဲ့ **(Manav Ekta Parishad)** က ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာ့ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဂုဏ်ထူးဆောင် ကေရီဘွဲ့ **(Queen of Myanmar's Democracy and Human Rights)** အား နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အခမ်းအနားဖြင့်ပေးအပ်မည်ဟု အဖွဲ့အတွင်းရေးမှူး မစ္စတာတီဒီဆင်းကပြောသည်။ **(Irrawaddy 221110)** [Read More …]
- လူ့အခွင့်အရေးနှင့် လွတ်လပ်စွာတွေးခေါ်ရေးအတွက် ကြံ့ကြံ့ခံရင်ဆိုင်တိုက်ပွဲဝင်သူများကို ချီးမြှင့်သည့် **Sakharov** ဆုကို ၁၉၉၀ ပြည့်နှစ်တွင် ရရှိခဲ့သူ ဒေါ်အောင်ဆန်းစုကြည်အား ကိုယ်တိုင် ဆုလက်ခံ ရယူရန် ဥရောပပါလီမန်က နိုဝင်ဘာလ ၂၂ ရက်နေ့က ဖိတ်ကြားလိုက်သည်။ **(RFA 231110)** [Read More...]

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- စစ်အစိုးရအနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ နိုဝင်ဘာလ ၁၈ ရက်နေ့ ဆုံးဖြတ်ချက်တွင် တောင်းဆိုထားသောအချက်များကို လေးစားသည့်အနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်အမေရိကန်နိုင်ငံ နယူးယောက်(ခ်) အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ **HRW** က စစ်အစိုးရအားထပ်မံပန်ကြားလိုက်သည်။ **(RFA 211110)** [Read More...]
- ဂျီနီဗာတွင် ကျင်းပသည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် **ILO** အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခြင်းကို ကြိုဆိုကြောင်းနှင့် ကျန်နေသေးသည့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် **ILO** နှင့် ဆက်စပ်ဖမ်းဆီးခံနေရသူများကို အမြန်ဆုံးလွှတ်ပေးရန် မြန်မာစစ်အစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 231110)** [Read More...]
- မြန်မာစစ်အစိုးရကျင်းပပြုလုပ်ခဲ့သော နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွင် စစ်အစိုးရ၏ မတရား ပြုလုပ်ခဲ့မှုများကို မှတ်တမ်းတင်သည့်အဖွဲ့တစ်ဖွဲ့က နိုင်ဝင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ **(RFA 261110)** [Read More...]
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုကို ဂျပန်အစိုးရ၏ တိုကျိုတိုင်း လွှတ်တော်အမတ် ဥက္ကဌ က ကြိုဆိုထောက်ခံကြောင်း နိုဝင်ဘာလ ၂၄ ရက်နေ့ကပြောကြားလိုက်သည်။ **(DVB 261110)** [Read More...]

---

***End of report/ Saturday, November 27, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!